

mgyoe.com

မြန်မာ့နိုင်ငံရေးဝဲဂယက်မှ ရုန်းမထွက်နိုင်ခဲ့သူ

# ဦးနု

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - မင်းနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္တုပ္ပတ္တိ)

မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်

ISBN9789997117441
BBB8
9 789997 117441
1,000.00KS

mgyoe.com

မြန်မာ့နိုင်ငံရေးဝဲဂယက်မှ ရုန်းမထွက်နိုင်ခဲ့သူ
သခင်နု၊ သို့မဟုတ် ဦးနု - ဝေသာနှင့် မင်းနိုင်
တမျက်နှာ ၄၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အ ခြေ ခံ မိ တ် ဆ က် စာ စ ဉ်

# မြန်မာ့နိုင်ငံရေးဝဲဂယက်မှ
# ရုန်းမထွက်နိုင်ခဲ့သူ
# သခင်နု၊ သို့မဟုတ် ဦးနု

ဝေသာ ဇာတ်ညွှန်းရေး၍
မင်းနိုင် သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



mgyoe.com



mgyoe.com



mgyoe.com

mgyoe.com

# [ ၁ ]

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့။

ညသန်းခေါင်ကျော် ၂ နာရီခန့် အချိန်၌ အိပ်ပျော်နေသည့် မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် ဦးနုမှာ ခြံဝင်းအတွင်းမှ ဆူဆူညံညံ အသံများကြောင့် လန့်နိုးလာခဲ့သည်။

အခန်းထဲ၌ ခြောက်လုံးပြူးသေနတ်ကို ကိုင်ထားသော စစ်ဗိုလ်လေးကို မြင်လိုက်ရပြီး ဦးနုက လှမ်းမေးလိုက်သည်။



mgyoe.com

F_3A



mgyoe.com



mgyoe.com

mgyoe.com

"မင်းက ဘာလဲ..."

"ကျွန်တော်တို့ တပ်မတော်ကပါ၊ အာဏာသိမ်းလိုက်ပြီ"

"အဲဒီလိုဆိုတော့ ငါက ဘာလုပ်ရမှာလဲ"

"ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ"

အပေါ်အင်္ကျီဝတ်ပြီး ရေချိုးခန်းတံခါးကို ဖွင့်ဖို့ လုပ်နေသည့် ဦးနုကို စစ်ဗိုလ်လေးက ကြည့်ပြီး-

"ဦး ... ဘာလုပ်မလို့လဲ"

"ဆီးသွားမလို့ပေါ့"

"ရေချိုးခန်းထဲ မဝင်ပါနဲ့၊ လိုက်ခဲ့ပါ"



mgyoe.com



စစ်ဗိုလ်လေးဟာ အိမ်ဝကို ခေါ်သွားပြီး အိမ်ရှေ့၌ ခဏရပ်ပြီး ကားအလာကို စောင့်နေသည်။


ထိုအခိုက် အနား၌ရှိသော ရေဒီယိုစကားပြောစက်ကိုင်သည့် ရဲဘော်က ဝေါ်ကီတော်ကီစက်ဖြင့် သူ့ဌာနချုပ်သို့ သတင်းပို့နေသည့် အသံကို ကြားလိုက်ရသည်။

“လောက်ကောင် မိပြီ… လောက်ကောင် မိပြီ”



mgyoe.com

mgyoe.com



ပထမတော့ ထို"လောက်ကောင် မိပြီ"ဆိုသော အဓိပ္ပာယ်ကို နားမလည်။ နောက်မှ စကားဝှက်ဖြင့် သူ့အား 'လောက်ကောင်'ဟု ခေါ်မှန်း သိလိုက်ရသည်။

"သြော် ... အခု ငါ လောက်ကောင် ဖြစ်သွားရပါရောလား"

ဦးနုခမျာ ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ည သန်းခေါင်ယံအထိ မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်ခဲ့ရပြီး ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ ည သန်းခေါင်ယံ ၂ နာရီအချိန်၌ လောက်ကောင်ဘဝသို့ အရှင်လတ်လတ် ကူးပြောင်း ရောက်ရှိခဲ့ရတော့သည်။



mgyoe.com





mgyoe.com

mgyoe.com

# [ ၂ ]

၁၉၀၇ ခုနှစ်၊ မေလ ၂၅ ရက်၊ စနေနေ့၊ နံနက် ၈ နာရီ၊ ၃၉ မိနစ်၊ ၁၂ စက္ကန့် အချိန်၌ ဝါးခယ်မမြို့ ဘုရားကြီးလမ်းထိပ် နေအိမ်၌ ဦးနုကို မွေးဖွားခဲ့သည်။

ဝါးခယ်မမြို့ အစိုးရ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းတွင် စတင်၍ ပထမတန်း တက်ခဲ့သည်။ ပဥ္စမတန်း ရောက်ချိန်၌ ၁၉၂၀ ခုနှစ် ပထမအကြိမ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။



mgyoe.com



ဦးနု၏ အသက် ၁၃ နှစ်သားအရွယ်တွင် ဝါးခယ်မမြို့၏ ကျောင်းသားသပိတ်၌ ပါဝင်ဆင်နွှဲခဲ့သည်။ သပိတ်ပြီး၍ အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ ခြောက်တန်းမှစ၍ အစိုးရ အထောက်အပံ့မယူသော အမျိုးသားကျောင်း၌ ဆက်လက်ပညာသင်ကြားခဲ့သည်။



mgyoe.com



ဦးနု၏ မိဘနှစ်ပါးမှာ ဦးစံထွန်း၊ ဒေါ်စောခင်တို့ ဖြစ်ကြသည်။ ဦးစံထွန်းမှာ ဝါးခယ်မမြို့နယ်ဆိုင်ရာ ဂျီစီဘီအေခေါင်းဆောင်တစ်ဦး ဖြစ်သည်။

ဦးနု ငယ်ရွယ်စဉ်အချိန်က အလွန်ဆိုးတေခဲ့ဖူးသည်။ ဝါးခယ်မမြို့တွင် 'တာတေစနေသား' ဆိုလျှင် တစ်မြို့လုံး သိကြသည်။ ဘုစုခရုလေးများပင် ကြောက်ကြ၏။

"တိတ်စမ်း ... ဟိုမှာ တာတေလေး လာနေပြီ"



mgyoe.com

F_3A



ဦးနုမှာ အသက် ကိုးနှစ်သားအရွယ်၌ပင် အိမ်တွင် ခိုင်းနေသော ပန်းရီဆိုသူကြောင့် အရက်သောက်တတ်သွားသည်။ ၁၂ နှစ်အရွယ်အထိ အရက်ကို မူးအောင် အလွန်အကြူး သောက်တတ်သည်။ ရွာရိုးကိုးပေါက် မူး၍ ရမ်းတတ်ပြန်သည်။

ဖခင်က ရှက်၍ ဆုံးမသည်။ အဒေါ်ဖြစ်သူက ရိုက်နှက်ဆုံးမသည်။ နောက်ဆုံး မြို့၏ဝေးရာ ရွာဘက်သို့ ပို့ထားရသည်။

"မင်းဘာသာ လွတ်လွတ်လပ်လပ် သောက်ပေတော့ဟေ့..."



mgyoe.com




mgyoe.com

တစ်နေ့ ရန်ကုန်မြို့၌ ကျင်းပသည့် ဂျီစီဘီအေ ညီလာခံကြီးသို့ သားဖြစ်သူ မောင်နုအား ဆံပင် သျှောင်ထုံးထုံး၊ ပင်နီတိုက်ပုံလေး ဝတ်ဆင်၍ ခေါ်သွားခဲ့သည်။

"သား ... မြန်မာတစ်ပြည်လုံးရဲ့နိုင်ငံရေးခေါင်းဆောင်တွေ၊ သူတို့ကို အားကျရမယ်"



mgyoe.com



mgyoe.com



mgyoe.com

mgyoe.com

မောင်နုလေးမှာ ထိုအစည်းအဝေးပွဲကြီးကို လေ့လာပြီး တအံ့တသြ ဖြစ်ခဲ့ရသည်။ ဝါးခယ်မသို့ ပြန်ရောက်သောအခါ ယခင်က အရက်သောက် ဆိုးတေခဲ့သော အကျင့်စရိုက်များ ပျောက်ပြီး စာကို ကြိုးစားသင်ယူလာ တော့သည်။ အားလုံးက ဝမ်းသာကြသည်။

"ငါ့သား မောင်နု ပြောင်းလဲသွားပါရောလားနော်"

၁၉၂၂ ခုနှစ်၌ မောင်နုသည် ဝါးခယ်မမြို့ အမျိုးသားအထက်တန်း ကျောင်းမှ ရှစ်တန်းအောင်မြင်ခဲ့ပြီး သူ့ဖခင် ဦးစံထွန်း၏ အစီအစဉ်အရ ရန်ကုန် သရက်တော အမျိုးသားအထက်တန်းကျောင်းတွင် ပညာဆက် လက်သင်ယူစေခဲ့သည်။



mgyoe.com



mgyoe.com

mgyoe.com

"ငါ့သား မောင်နု ဝတ်လုံဘွဲ့ရရင် တော်ပါပြီ"

မောင်နုမှာ စာတော်သောကျောင်းသားတော့ မဟုတ်။ သူ့များထက် လေ့လာမှု၊ စူးစမ်းတတ်မှုကသာ သူ့ကို ပို၍ထူးခြားစေသည်။

၁၉၂၄ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို မောင်နု အောင်တော့ ဝမ်းအသာဆုံးက အဖေ ဦးစံထွန်းပင် ဖြစ်သည်။ မောင်နုက ဘာမှမခံစားရ သလို အေးတိအေးစက်။

"မင်း သူငယ်ချင်းတွေ ဖိတ်ပြီး ထမင်း ကျွေးမယ်ဟေ့..."



mgyoe.com



တက္ကသိုလ်ရောက်တော့ ပတ်ဝန်းကျင် အခြေအနေတွေက ပြောင်းလဲသွားကာ မောင်နု စိတ်လည်း ပြောင်းလဲသွားသည်။

"သြော် ... တက္ကသိုလ်ဆိုတာ စာပေ၊ အားကစား၊ အနုပညာ ထူးချွန်သူတွေ စုဝေးထားတဲ့ နေရာပါလား"

သူ့စိတ်က ကဗျာတွေ ရေးချင်လာသည်။

စာတွေ ရေးချင်လာသည်။

ထိုအချိန်၌ မောင်နု ၁၈ နှစ်သားအရွယ်သို့ ရောက်ခဲ့ပြီ။ မောင်နု စိတ်တွေက မရေမရာသော စိတ်များနှင့် နပန်းလုံးနေချေတော့သည်။



mgyoe.com



ပြဇာတ်တွေ ရေး၊ စာတွေ ရေးရင်း ၁၉၂၉ ခုနှစ်၌ ဘီအေဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ပန်းတနော် အမျိုးသားအထက်တန်းကျောင်း၌ ကျောင်းဆရာကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

ထိုအချိန်၌ ပန်းတနော် အမျိုးသားကျောင်းကော်မတီဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ငြိမ်း၏ သမီး မမြရီနှင့် လက်ထပ်ခဲ့သည်။



mgyoe.com